Department of **Local Government, Sport and Cultural Industries**
Office of **Multicultural Interests**

GOVERNMENT OF WESTERN AUSTRALIA

# ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် "ကျွန်ုပ် စကားပြန်လိုအပ်သည်ကတ်" လူမျိုးစုအဖွဲ့အစည်းများအတွက် သိကောင်းစရာအချက်များ




အကယ်၍သင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုဆက်ဆံရန် အခက်အခဲရှိပါက၊ အစိုးရဌာနများကို သင် စကားပြန်လိုအပ်နေကြောင်း ဤကတ်က သိရှိစေလိမ့်မည် ဖြစ်ပါသည်။

## ဤကတ်ကို ကျွန်ုပ် ဘယ်လိုအသုံးပြုရမည်လဲ။

သင် ပြောဆိုသော သို့မဟုတ် အသုံးပြုသော ဘာသာစကား၏အမည်ကို ကတ်၏ ရှေ့မျက်နှာဘက်တွင် အင်္ဂလိပ်လိုရေးပါ။ အကယ်၍သင်သည် ဘာသာ စကား တစ်မျိုးထက်ပိုပြီး ပြောဆိုပါက သို့မဟုတ်အသုံးပြုပါက ထိုဘာသာစကားများကိုပါ သင် အားအသန်ဆုံးသော ဘာသာစကားမှသည် အားအနည်း ဆုံး ဘာသာစကားအထိ အစီအစဉ်အတိုင်းရေးပါ။ အကယ်၍ ထိုသို့ရေးပေးရန် လိုအပ်ပါက သင့်အား ဤကတ်ကိုပေးသောသူထံ အကူအညီ တောင်းပါ။

အကယ်၍ သင်သည် အစိုးရ၏ဝန်ဆောင်မှုကိုအသုံးပြုနေစဉ် စကားပြန်၏အကူအညီကိုလိုအပ်ပါက ဝန်ထမ်းတစ်ဦးဦးကို သင့်ကတ် ပြလိုက်ပါ။ သူတို့က သင့်ဘာသာစကားကိုပြောဆိုသော စကားပြန်ကို (လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ) စီစဉ်ပေးပါလိမ့်မည်။

အကယ်၍ သင်၏အဓိကဘာသာစကားကိုပြောဆိုသော စကားပြန်ကိုမရနိုင်ပါက ဒုတိယသို့မဟုတ် တတိယဘာသာစကားကိုပြောဆိုသော စကားပြန်ကို ရှာပေးပါလိမ့်မည်။

## မည်သူတွေက စကားပြန်လိုအပ်ကြောင်းကတ်ကို ရနိုင်သလဲ။

အစိုးရ၏ဝန်ဆောင်မှုများကိုအသုံးပြုချိန်တွင် အင်္ဂလိပ်ဘာသာဖြင့်ပြောဆိုဆက်ဆံရန် အခက်အခဲရှိသူ၊ မည်သူမဆို စကားပြန်လိုအပ်ကြောင်းကတ်ကို အခမဲ့ရနိုင်ပါသည်။

## ထိုကတ်က ငွေမည်မျှ ကုန်ကျသလဲ။

ထိုကတ်သည် အခမဲ့ဖြစ်ပါသည်။ အကယ်၍ သင်၏ကတ် ပျောက်ဆုံးပါက သင့်အနေနှင့် အသစ်တစ်ခုကို အခမဲ့ ရရှိနိုင်ပါသည်။

## ဤကတ်ကို ကျွန်ုပ် ဘယ်ကရနိုင်မလဲ။

ပြောင်းရွှေ့အခြေချသူများအတွက် လိုအပ်ချက်များကို ပံ့ပိုးရာဌာနများ၊ ယဉ်ကျေးမှုမျိုးစုံ လူမှုအဖွဲ့အစည်း ဝန်ဆောင်မှုပံ့ပိုးသူများ၊ အချို့သော ပြည်သူ့ဆေးရုံများ၊ အင်္ဂလိပ်ဘာသာစကား ဖိဖိစီးစီးသင်ကြားသောကျောင်းများ၊ ဒေသအလိုက် အချို့သော အစိုးရရုံးများ၊ ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် နားမကြားသူများဆိုင်ရာ အဖွဲ့အစည်းနှင့် ကင်ဘာလေ စကားပြန်ဝန်ဆောင်မှုတို့တွင် ဤကတ်ကို ရရှိနိုင်ပါသည်။

**Information for Communities: Burmese**

www.omi.wa.gov.au

## ဤကတ်ကို ကျွန်ုပ် မည်မျှကြာကြာ အသုံးပြုနိုင်မည်လဲ။

အစိုးရ၏ဝန်ဆောင်မှုများကိုအသုံးပြုရန် သင် စကားပြန်၏ အကူအညီကို လိုအပ်နေသရွေ့ကာလပတ်လုံး ဤကတ်ကို သင် အသုံးပြုနိုင်ပါသည်။ ဤကတ် တွင် သက်တမ်းကုန်ဆုံးရက် မပါရှိပါ။

## အခြားသူများက ကျွန်ုပ်၏ကတ်ကို အသုံးပြုနိုင်သလား။

သင့်မိသားစုဝင်များအပါအဝင် သင့်ဘာသာစကားကိုပြောဆိုသူ သို့မဟုတ် အသုံးပြုသူ မည်သူမဆို သင့်ကတ်ကို အသုံးပြုနိုင်ပါသည်။

## ကျွန်ုပ်တွင် ကတ်မရှိပါက စကားပြန်၏အကူအညီကို တောင်းခံနိုင်ပါသလား။

တောင်းခံနိုင်ပါသည်။ သင့်မှာ ကတ်မရှိသည့်တိုင် အစိုးရဌာနများတွင် စကားပြန်၏အကူအညီကို တောင်းခံနိုင်ပါသည်။

## စကားပြန်အတွက် ကျွန်ုပ် ငွေပေးချေရန် လိုအပ်သလား။

မလိုအပ်ပါ။ အကယ်၍သင်သည် အစိုးရ၏ဝန်ဆောင်မှုကို အသုံးပြုခွင့်ရှိသူဖြစ်ပါက ထိုဌာနက စကားပြန်အတွက် ငွေပေးချေမည်ဖြစ်သည်။

## ကျွန်ုပ်က အမျိုးသား သို့မဟုတ် အမျိုးသမီးစကားပြန် တောင်းခံနိုင်ပါသလား။

သင့်အနေနှင့် အမျိုးသား သို့မဟုတ် အမျိုးသမီးစကားပြန် တောင်းခံနိုင်ပါသည်။ သို့သော် သင့်မေတ္တာရပ်ခံချက်အတိုင်း ဆောင်ရွက်ပေးနိုင်ချင်မှ ပေးနိုင်မည် ဖြစ်ပါသည်။

## ကျွန်ုပ်၏ မိသားစုဝင် သို့မဟုတ် မိတ်ဆွေတစ်ဦးဦးကို စကားပြန် လုပ်ခိုင်းနိုင်ပါသလား။

အခြေခံသိကောင်းစရာအချက်အလက်များ အသိပေးခြင်း သို့မဟုတ် ချွင်းချက်ပြုရမည့်ကိစ္စရပ်များမှလွဲ၍ ထိုသို့အသုံးပြုခြင်းကို အားမပေးပါ။ မိတ်ဆွေများ သို့မဟုတ် မိသားစုဝင်များသည် စိတ်ခံစားမှုပိုင်းအရ ပါဝင်ပတ်သက်လာနိုင်ပြီး လိုအပ်သောကျွမ်းကျင်မှုနှင့် ဘက်လိုက်မှုကင်းခြင်းတို့တွင် လစ်လပ်နေနိုင်ပါသည်။ အသက် ၁၈ နှစ်အောက်အရွယ် မည်သူမဆိုကို စကားပြန်အဖြစ် မသုံးသင့်ပါ။

## ကျွန်ုပ် စကားပြန်လိုအပ်မည်ဖြစ်ကြောင်းကို ဝန်ဆောင်မှုအား ကြိုတင်အသိပေးထားဖို့ လိုအပ်ပါသလား။

အရေးပေါ်ကိစ္စရပ် မဟုတ်ပါက အသိပေးထားရန် လိုအပ်ပါသည်။ ဝန်ထမ်းများက လိုအပ်သည်များကို ကြိုတင်စီစဉ်ထားနိုင်ရန်အတွက် သင် စကားပြန် လိုအပ်မည့်အကြောင်းကို ကြိုတင်အသိပေးထားသည်မှာ အကောင်းဆုံးဖြစ်ပါသည်။

## ကျွန်ုပ် စကားပြန်လိုအပ်မည်ဖြစ်ကြောင်းကို ဝန်ဆောင်မှုအား ကြိုတင်အသိပေးမထားပါက ဘာဖြစ်မည်လဲ။

ဝန်ထမ်းများက သင့်အားကူညီရန် တတ်နိုင်သရွေ့ အကောင်းဆုံး ကြိုးစားပါလိမ့်မည်။ ဥပမာ သူတို့က -

- အကယ်၍စကားပြန်ကို မျက်နှာခြင်းဆိုင် အသုံးမပြုနိုင်ပါက စကားပြန်ကို တယ်လီဖုန်းဖြင့် ဆက်သွယ်အသုံးပြုပါမည်။
- စကားပြန်ရနိုင်သည့်အခါတွင် သင်လာနိုင်ရန်အတွက် ရက်ချိန်းအသစ် ထပ်ချိန်းပါမည်။
- အကယ်၍ရနိုင်ပါက သင်ဖတ်နိုင်သောဘာသာစကားဖြင့် သိကောင်းစရာ အချက်အလက်များ အသိပေးပါမည်။ သို့မဟုတ်
- စကားပြန်နှင့်တွေ့ရန် ရက်ချိန်းစီစဉ်ရေးအတွက် အချို့သော အခြေခံအချက်အလက်များရယူနိုင်ရန် သင့်ဘာသာစကားပြောသော ဝန်ထမ်းတစ်ဦးကို ရနိုင်လျှင် အသုံးပြုပါမည်။

## စကားပြန်ထားပေးရန် ကျွန်ုပ်က မေတ္တာရပ်ခံခြင်းကို ငြင်းပယ်ပါက ကျွန်ုပ် ဘာလုပ်နိုင်ပါသလဲ။

အချို့သောအခြေအနေများတွင် ဌာနတစ်ခုခုသည် သင့်အား စကားပြန်အကူအညီ ပံ့ပိုးခြင်းပြုနိုင်မည်မဟုတ်သော်လည်း အခြား နည်းလမ်းများဖြင့် သင့်အား ကူညီရန် ကြိုးစားပါလိမ့်မည်။ (ဥပမာ၊ သင်ဖတ်နိုင်သောဘာသာစကားဖြင့် သိကောင်းစရာ အချက်အလက်များ ပေးပါမည်။ သို့သော်၊ သင့်ဘာသာစကားဖြင့် သင် စာမဖတ်နိုင်ပါက ဌာနကို ကျေးဇူးပြု၍ အသိပေးပါ။)

အကယ်၍သင်က စကားပြန်လိုအပ်သဖြင့် ဌာနကို စကားပြန်တောင်းရာတွင် ဌာနကငြင်းပယ်ခဲ့လျှင်၊ ထိုဌာနကို သင် တိုင်တန်းနိုင်ပါသည်။

အကယ်၍သင်က ဌာန၏တုန့်ပြန်ဖြေရှင်းမှုကို မကျေနပ်ပါက သင့်အနေနှင့် ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ်မှ အစိုးရဌာနများအပေါ် မကျေနပ်ချက်များကိုတိုင်တန်းရန် အစိုးရကခန့်ထားသော အရာရှိကို ဖုန်းနံပတ် ၉၂၂၀ ၇၅၅၅ တွင် ဆက်သွယ်နိုင်ပါသည်။ သို့မဟုတ် mail@ombudsman.wa.gov.au သို့ အီးမေးလ်ပို့ပါ။ ၎င်းကို သင့်ဘာသာစကားဖြင့် ပြောဆိုရေးသားနိုင်ပါသည်။

## ကျွန်ုပ် စကားပြန်လိုအပ်ကြောင်းကတ်ကို မည်သည့်နေရာများတွင် အသုံးပြုနိုင်သလဲ။

သင်ဆက်သွယ်တိုင်း သင်ပြောလိုသောကိစ္စရပ်ပေါ်မူတည်ပြီး အစိုးရဌာနများက စကားပြန်ကို မဖြစ်မနေ အသုံးပြုရန် လိုအပ်ခြင်း၊ အသုံးပြုသင့်ခြင်း၊ သို့မဟုတ် အသုံးပြုနိုင်ခြင်း ဆိုသည်ကို ချင့်ချိန်ဆုံးဖြတ်ရမည်။ သင့်ရပိုင်ခွင့်များ၊ သင့်ကျန်းမာရေး သို့မဟုတ် သင့်ဘေးကင်းလုံခြုံမှုတို့ကို ထိပါး အန္တရာယ်ဖြစ်မည်ဆိုပါက သူတို့မှာ စကားပြန်ကိုအသုံးပြုရန် လိုအပ်ပါသည်။ စကားပြန်ကို အသုံးပြုရန် ပိုမိုဖြစ်နိုင်ခြေရှိသောဌာနများမှာ ဖော်ပြပါ ဌာနများ ပါဝင်ပါသည်။ -

- ပြည်သူ့ဆေးရုံများ
- ရဲစခန်းများ
- တရားရုံးများနှင့် အယူခံခုံရုံးများ
- အစိုးရ ကျောင်းများ
- ပြည်သူ့အိုးအိမ်ဆိုင်ရာ ရုံးများ
- မြို့နယ်၊ ရပ်ကွက်အလိုက် အစိုးရရုံးများ ပါဝင်ပါသည်။

သင့်အနေနှင့် သင့်ရပ်ကွက်တွင် လူမှုဝန်ထမ်းဝန်ဆောင်မှုများဆိုင်ရာဌာနမှ ရန်ပုံငွေထောက်ပံ့သော အခမဲ့ စကားပြန်ဝန်ဆောင်မှုများ အသုံးပြုပေးသည့် ဆရာဝန်များနှင့်ဆေးဆိုင်များ ရှိ၊ မရှိကို စုံစမ်းမေးမြန်းသင့်ပါသည်။

အကယ်၍သင်က နားမကြားလျှင် သို့မဟုတ် နားလေးလျှင်၊ ပုဂ္ဂလိကဆေးရုံဆေးခန်း ရက်ချိန်းများအတွက် ဩစတြေးလျားနိုင်ငံ လက်ဟန်အနေအ ထား ဖြင့် ဘာသာပြန်သူများကို ဩစတြေးလျားနိုင်ငံ လက်ဟန်အနေအထားဖြင့် ဘာသာပြန်သူများ ရက်ချိန်းများယူရေးနှင့် ငွေပေးချေရေး ဝန်ဆောင် မှု (National Auslan Booking and Payment Service) (NABS) မှ အခမဲ့ ပံ့ပိုးပါသည်။ NABS သူတို့၏ ဝက်ဘ်ဆိုက် www.nabs.org.au တွင် ဆက်သွယ်နိုင်ပါသည်။

## ကျွန်ုပ် စကားပြန်လိုအပ်ကြောင်းကတ်ကို မည်သည့်နေရာများတွင် အသုံးမပြုနိုင်သလဲ။

များစွာသောလုပ်ငန်းများနှင့် စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများက စကားပြန် မပံ့ပိုးပါ။

ပုဂ္ဂလိကဆေးရုံများနှင့်ဆေးခန်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဥပဒေရေးရာ ပုဂ္ဂလိက ဝန်ဆောင်မှုများနှင့် ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကုမ္ပဏီများ သည် စကားပြန်ကို လိုလားစွာ စီစဉ်ပေးနိုင်မည်ဖြစ်သော်လည်း၊ စကားပြန်အသုံးပြုခကိုမူ သင့်အား ပေးချေခိုင်းနိုင်ပါသည်။

အကယ်၍သင်က နားမကြားလျှင် သို့မဟုတ် နားလေးလျှင် ပုဂ္ဂလိက ပညာရေးလုပ်ငန်း ဆောင်ရွက်သူများသည် Discrimination Act (Education Standards) ကိုယ်လက်အင်္ဂါ မသန်မစွမ်းဖြစ်နေသူများအား နှိမ့်ချဆက်ဆံခြင်းဆိုင်ရာ အက်ဥပဒေ (ပညာရေးဆိုင်ရာ အဆင့်သတ်မှတ်ခြင်း) အရ သင့်အား စကားပြန် ပံ့ပိုးပေးရန် တာဝန်ရှိကြသည်။

ဘာသာစကား အမျိုးမျိုးဖြင့် ဘာသာပြန်ဆိုထားသည့် ဤ လက်ကမ်းစာစောင်နှင့် အနောက် ဩစတြေးလျပြည်နယ် ဘာသာစကား ဝန်ဆောင်မှုများဆိုင်ရာ မူဝါဒနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုယဉ်ကျေးမှုမျိုးစုံ စိတ်ဝင်စားဖွယ်များရုံး (အိုအမ်အိုင်) ((Office of Multicultural Interests (OMI)) ဝက်ဘ်ဆိုက် www.omi.wa.gov.au တွင် ရရှိနိုင်ပါသည်။

နောက်ထပ် သတင်းအချက်အလက်များအတွက် ကျေးဇူးပြု၍ **အိုအမ်အိုင်** (OMI) ကို ဖုန်း ၆၅၅၂ ၇၃၀၀ ဖြင့် ဆက်ပါ သို့မဟုတ် harmony@omi.wa.gov.au ဖြင့်အီးမေးလ် ပို့ပါ။

ကျေးဇူးတင်ရှိခြင်း။ Office of Multicultural Interests သည် ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် တွင်အသုံးပြုရန်အတွက် ဗစ်တိုးရီးယားပြည်နယ် စကားပြန်လိုအပ်ကြောင်း ကတ် (Victorian Interpreter Card) စာစောင်ကို ပြင်ဆင်ခွင့်ပြုသည့်အတွက် ဗစ်တိုးရီးယားပြည်နယ် ယဉ်ကျေးမှုမျိုးစုံဆိုင်ရာ ကော်မရှင် (Victorian Multicultural Commission) ကို အထူး ကျေးဇူးတင်ရှိပါသည်